# (၉.၁၀.၂၀၂၀) မှ (၁၅.၁၀.၂၀၂၀) အထိရွှေနှင့်အမေရိကန်ဒေါ်လာငွေလဲလှယ်နှုန်း ပြည်တွင်းဈေးနှုန်းနှင့်ကမ္ဘာ့ဈေးကွက်အခြေအနေ သုံးသပ်တင်ပြခြင်း

ကမ္ဘာတစ်ဝန်း ဖြစ်ပေါ်နေသည့် COVID-19 ကပ်ရောဂါနှင့် ကမ္ဘာ့နိုင်ငံရေး အခြေအနေများကြောင့် ကမ္ဘာ့ရွှေဈေးသည် အပြောင်းအလဲများစွာ ဖြစ်ပေါ်လျက်ရှိသည်ကို တွေ့ရှိရပါသည်။ ကမ္ဘာ့ရွှေဈေး အပြောင်းအလဲများကြောင့် ပြည်တွင်းရွှေဈေးကွက်တွင်လည်း အပြောင်းအလဲများစွာ ဖြစ်ပေါ်လျက်ရှိကြောင်း သိရှိရပါသည်။ ကမ္ဘာ့ရွှေဈေးသည်အောက်တိုဘာ ၉ ရက်တွင် ရွှေတစ်အောင်စလျှင် ၁၉၁၃ ဒေါ်လာ ပေါက်ဈေးရှိခဲ့ပြီး အောက်တိုဘာ ၁၀ ရက်တွင် ၁၉၃၀ ဒေါ်လာသို့ ပြန်လည်မြင့်တက်လာခဲ့သော်လည်း အောက်တိုဘာ ၁၅ ရက်တွင် ၁၈၉၈ ဒေါ်လာသို့ ပြန်လည်ကျဆင်းလာခဲ့သည်ကို တွေ့ရှိရပါသည်။

ပြည်တွင်းရွှေဈေးသည် အောက်တိုဘာ ၉ ရက်တွင် အခေါက်ရွှေ တစ်ကျပ်သား လျှင် ၁၃၀၉၀၀၀ ကျပ်ဖြစ်ပေါ်ခဲ့ပြီး အောက်တိုဘာ ၁၀ ရက်တွင် ၁၃၁၁၀၀၀ ကျပ်မှ အောက်တိုဘာ ၁၅ ရက်တွင် ၁၃၁၂၀၀၀ ကျပ်ပေါက်ဈေး ဖြစ်ပေါ်ခဲ့ကြောင်း ဈေးကွက်အတွင်းမှ သိရှိရပါသည်။

၂၀၂၀ ပြည့်နှစ် အောက်တိုဘာ ၁ ရက်မှ ၁၅ ရက်အတွင်း ကမ္ဘာ့ရွှေဈေးနှင့် မြန်မာ့ရွှေဈေးအခြေအနေတို့ကို အောက်ပါအတိုင်း လေ့လာတွေ့ရှိရပါသည်-

| စဉ် | နေ့စွဲ | ရွှေဈေးနှုန်း | |
|---|---|---|---|
| | | ကျပ် | ဒေါ်လာ |
| ၁ | ၁.၁၀.၂၀၂၀ | ၁၃၁၁၅၀၀ | ၁၈၈၅ |
| ၂ | ၂.၁၀.၂၀၂၀ | ၁၃၁၃၀၀၀ | ၁၉၁၀ |
| ၃ | ၆.၁၀.၂၀၂၀ | ၁၃၁၆၅၀၀ | ၁၉၁၃ |
| ၄ | ၇.၁၀.၂၀၂၀ | ၁၃၀၇၅၀၀ | ၁၈၈၂ |
| ၅ | ၈.၁၀.၂၀၂၀ | ၁၃၁၀၀၀၀ | ၁၈၉၂ |
| ၆ | ၉.၁၀.၂၀၂၀ | ၁၃၀၉၀၀၀ | ၁၉၁၃ |
| ၇ | ၁၀.၁၀.၂၀၂၀ | ၁၃၁၁၀၀၀ | ၁၉၃၀ |
| ၈ | ၁၂.၁၀.၂၀၂၀ | ၁၃၁၀၀၀၀ | ၁၉၂၈ |
| ၉ | ၁၃.၁၀.၂၀၂၀ | ၁၃၁၁၀၀၀ | ၁၉၁၇ |
| ၁၀ | ၁၄.၁၀.၂၀၂၀ | ၁၃၁၁၀၀၀ | ၁၈၉၇ |
| ၁၁ | ၁၅.၁၀.၂၀၂၀ | ၁၃၁၂၀၀၀ | ၁၈၉၈ |

Source: estimate of world's exchange rate and gold price page

၂၀၂၀ ပြည့်နှစ် ဧပြီလမှ စက်တင်ဘာလအထိ ပြီးခဲ့သည့် ခြောက်လတာကာလ အတွင်း လအလိုက် အနိမ့်ဆုံးနှင့် အမြင့်ဆုံးဈေးနှုန်းများ ဖြစ်ပေါ်ခဲ့သည့် ပြည်တွင်း ရွှေဈေးနှုန်း များကို လေ့လာကြည့်ပါက ၂၀၂၀ ပြည့်နှစ် ဧပြီလတွင် အခေါက်ရွှေ တစ်ကျပ်သားလျှင် ၁၁၄၅၀၀၀ မှ ၁၁၉၄၀၀၀ ကျပ်ကြား၊ မေလတွင် ၁၁၆၉၅၀၀ မှ ၁၂၃၆၀၀၀ ကျပ်ကြား၊ ဇွန်လတွင် ၁၂၀၇၅၀၀ မှ ၁၂၂၀၀၀၀ ကျပ်ကြား၊ ဇူလိုင်လတွင် ၁၂၁၆၀၀၀ မှ ၁၃၀၂၀၀၀ ကျပ်ကြား၊ ဩဂုတ်လတွင် ၁၂၇၅၀၀၀ မှ ၁၃၃၅၀၀ ကျပ်ကြား၊ စက်တင်ဘာလတွင် ၁၂၉၈၀၀၀ မှ ၁၃၂၀၀၀၀ ကျပ်ကြား ဖြစ်ပေါ်ခဲ့သည်ကို တွေ့ရှိရပါသည်။

မြန်မာနိုင်ငံတော်ဗဟိုဘဏ်၏ website တွင် Economic Indicator (%) ဖော်ပြချက်များ အရ GDP Growth 6.80 % ၊ Annual Rate of Inflation 6.43 %၊ Year on Year Inflation 1.84 % ရှိသည်ကို လေ့လာသိရှိရပါသည်။

ပြည်တွင်းပြင်ပငွေကြေးဈေးကွက်အတွင်း အမေရိကန်ဒေါ်လာ ရောင်းလိုအား များ ပြားလာခြင်းကြောင့် အမေရိကန်ဒေါ်လာ ငွေလဲလှယ်နှုန်းမှာ တစ်ဒေါ်လာလျှင် ၁၃၀၀ အောက်သို့ ကျဆင်းခဲ့သော်လည်း သွင်းကုန်လိုအပ်ချက်အရ ဈေးပြန်လည် မြင့်တက်လာနိုင်ဖွယ်ရှိကြောင်း၊ မြန်မာ့ပို့ကုန်များအတွက်လည်း နိုင်ငံတကာဈေးကွက်တွင် ယှဉ်ပြိုင်ထိုးဖောက်နိုင်ရန်အတွက် ငွေလဲနှုန်းတည်ငြိမ်နေရန် အရေးကြီးကြောင်း ငွေကြေးဈေးကွက် လေ့လာသူများက သုံးသပ် ပြောကြားကြပါသည်။ အမေရိကန်ဒေါ်လာမှာ ဈေးကွက်အတွင်း လိုအပ်သလောက် အလွယ်တကူ ရရှိနေသည့်အတွက် ဈေးကျဆင်းလာခြင်းဖြစ်သလို ပြည်တွင်းကျပ်ငွေဈေးမာလာသည့် သဘော ရှိနေသော်လည်း မကြာမီဒေါ်လာဈေးများ ပြန်လည်မြင့်တက်လာဖွယ်ရှိကြောင်း ပြင်ပငွေကြေး ဈေးကွက် အကျိုးဆောင်များက ခန့်မှန်းပြောကြားကြသည်ကို သိရှိရပါသည်။

အမေရိကန်ဒေါ်လာ ငွေလဲလှယ်မှုနှုန်းမှာ COVID-19 ကာလအတွင်း ဆက်တိုက် ကျဆင်းနေခြင်းဖြစ်ပြီး မြန်မာနိုင်ငံတော်ဗဟိုဘဏ်မှ ပြည်တွင်းငွေကြေးဈေးကွက် တည်ငြိမ် စေရန်အတွက် ပြင်ပဈေးကွက်မှ ဈေးပြိုင်လေလံစနစ်ဖြင့် ဝယ်ယူထိန်းညှိပေးလျက်ရှိပြီး နိုင်ငံတော် အစိုးရမှလည်း ငွေကြေးတည်ငြိမ်စေရေး အဓိကထား ဆောင်ရွက်လျက်ရှိသောကြောင့် ၂၀၂၀

ပြည့်နှစ် အောက်တိုဘာလဆန်းပိုင်းအတွင်း ပထမဆုံးအကြိမ်အဖြစ် တစ်ဒေါ်လာလျှင် ကျပ် ၁၃၀၀ အောက်သို့ ရောက်ရှိသွားခဲ့ခြင်း ဖြစ်ပါသည်။ သို့သော်လည်း အောက်တိုဘာလ ဒုတိယပတ်အတွင်းတွင် အမေရိကန်တစ်ဒေါ်လာလျှင် ၁၃၀၀ ကျပ်အထက်သို့ ပြန်လည် မြင့်တက်လာခဲ့သည်ကို တွေ့ရှိရ ပါသည်။

လာမည့်နိုဝင်ဘာလအတွင်း အမေရိကန်သမ္မတ ရွေးကောက်ပွဲအပြီးတွင် Covid-19 ကိုရိုနာဗိုင်းရပ်စ်ကပ်ရောဂါကြောင့် ကျဆင်းသွားသောစီးပွားရေးကို ပြန်လည်ဦးမော့လာစေရန် အထောက်အပံ့ပေးမည့် အမေရိကန်၏ စီးပွားရေးလှုံ့ဆော်မှု အစီအစဉ်များကို ရင်းနှီးမြှုပ်နှံသူများမှ မျှော်လင့်နေခဲ့ကြပြီး အမေရိကန်ဒေါ်လာ အညွှန်းကိန်းသည် ယခင်သုံးပတ်အကြာ ကျဆင်းနေခဲ့ရာမှ အောက်တိုဘာ ၁၃ ရက်နံနက်ပိုင်းမှစ၍ ပြန်လည်မြင့်တက်လာခဲ့သည် ကို တွေ့ရှိရပါသည်။ အမေရိကန်ဒေါ်လာ အညွှန်းကိန်းသည် အခြားငွေကြေးများနှင့် နှိုင်းယှဉ်လျှင် သုည ဒသမ ၁၁ ရာခိုင်နှုန်းမြင့်တတ်လာခဲ့ပြီး အောက်တိုဘာလ ၁၅ ရက်တွင် ဒေါ်လာအညွှန်းကိန်းသည် ၉၃ ဒသမ ၈၄ ဖြစ်လာခဲ့သည်ကို သိရှိရပါသည်။

၂၀၂၀ ပြည့်နှစ် အောက်တိုဘာ ၉ ရက်မှ ၁၅ ရက်အထိ ရက်အလိုက် ဖြစ်ပေါ်ပြောင်းလဲခဲ့သော အမေရိကန်တစ်ဒေါ်လာနှင့် ညီမျှသော နိုင်ငံတကာ ငွေလဲလှယ်နှုန်းများကို အောက်ပါဇယားဖြင့် ဖော်ပြအပ်ပါသည်-


တစ်ပတ်အတွင်း အမေရိကန် တစ်ဒေါ်လာနှင့် ညီမျှသော နိုင်ငံတကာ ငွေလဲနှုန်းဇယား

| စဉ် | နိုင်ငံတကာ ငွေကြေးများ | | ၉-၁၀-၂၀၂၀ | ၁၂-၁၀-၂၀၂၀ | ၁၃-၁၀-၂၀၂၀ | ၁၄-၁၀-၂၀၂၀ | ၁၅-၁၀-၂၀၂၀ | တစ်ပတ်အတွင်း ငွေလဲလှယ်နှုန်း အတက်/အကျ (%) | |
|---|---|---|---|---|---|---|---|---|---|
| ၁ | Myanmar | kyat | ၁၂၇၉.၅ | ၁၂၈၁.၂ | ၁၂၉၂.၈ | ၁၃၁၄.၄ | ၁၃၀၃.၀ | ၁.၈၄ | ↑ |
| ၂ | Thai Baht | THB | ၃၁.၀၇၅ | ၃၁.၁၆၀ | ၃၁.၁၂၀ | ၃၁.၁၆၀ | ၃၁.၂၂၀ | ၀.၄၇ | ↑ |
| ၃ | Singapore Dollar | SGD | ၁.၃၅၆ | ၁.၃၅၆ | ၁.၃၅၈ | ၁.၃၅၇ | ၁.၃၆၀ | ၀.၂၉ | ↑ |
| ၄ | Malaysian Ringgit | MYR | ၄.၁၄၇ | ၄.၁၄၄ | ၄.၁၄၃ | ၄.၁၄၈ | ၄.၁၅၀ | ၀.၀၇ | ↑ |
| ၅ | Indonesian Rupiah | IDR | ၁၄၇၀၀ | ၁၄၆၉၉ | ၁၄၇၁၄ | ၁၄၇၁၁ | ၁၄၆၉၀ | -၀.၀၇ | ↓ |
| ၆ | Chinese Yuan | CNY | ၆.၇၁၁ | ၆.၇၄၀ | ၆.၇၃၆ | ၆.၇၃၄ | ၆.၇၃၁ | ၀.၃၀ | ↑ |
| ၇ | Indian Rupee | INR | ၇၃.၁၆၄ | ၇၃.၃၂၀ | ၇၃.၃၀၀ | ၇၃.၂၁၇ | ၇၃.၃၉၆ | ၀.၃၂ | ↑ |
| ၈ | Japanese Yen | JPY | ၁၀၅.၉၀၁ | ၁၀၅.၅၉၆ | ၁၀၅.၄၃၁ | ၁၀၅.၃၆၃ | ၁၀၅.၂၄၂ | -၀.၆၂ | ↓ |
| ၉ | Australian Dollar | AUD | ၁.၃၉၁ | ၁.၃၈၅ | ၁.၃၈၉ | ၁.၃၉၃ | ၁.၄၁၂ | ၁.၅၁ | ↑ |
| ၁၀ | Euro | EUR | ၀.၈၄၈ | ၀.၈၄၇ | ၀.၈၄၈ | ၀.၈၅၂ | ၀.၈၅၄ | ၀.၇၁ | ↑ |
| ၁၁ | Pound Sterling | GBP | ၀.၇၇၃ | ၀.၇၆၈ | ၀.၇၆၅ | ၀.၇၇၅ | ၀.၇၇၁ | -၀.၂၆ | ↓ |

Source– Central Bank of Myanmar

ယခုတစ်ပတ်တွင် မြန်မာနိုင်ငံတော်ဗဟိုဘဏ်မှ ထုတ်ပြန်ချက်အရ အောက်တိုဘာ ၉ ရက်တွင် တစ်ဒေါ်လာလျှင် ၁၂၇၉ ဒသမ ၅ ကျပ်ရှိခဲ့ရာမှ အောက်တိုဘာ ၁၅ ရက်တွင် ၁၃၀၃ ကျပ်ဖြစ်ပေါ်ခဲ့သည်ကို တွေ့ရှိရပြီး အမေရိကန်ဒေါ်လာ ငွေလဲလှယ်နှုန်းမှာ တစ်ပတ် အတွင်း ၁ ဒသမ ၈၄ ရာခိုင်နှုန်းမြင့်တက်ခဲ့သည်ကို လေ့လာတွေ့ရှိရပါသည်။

မြန်မာနိုင်ငံတော်ဗဟိုဘဏ်မှ ထုတ်ပြန်ချက်အရ ၂၀၂၀ ပြည့်နှစ် ဩဂုတ် ၄ ရက်မှ အောက်တိုဘာ ၁၅ ရက်အထိ နေ့အလိုက် ဖြစ်ပေါ်ပြောင်းလဲခဲ့သော အမေရိကန်ဒေါ်လာဖြင့် ကျပ်ငွေလဲလှယ်နှုန်း တန်ဖိုးများအား အောက်ပါဂရပ်ဖြင့် ဖော်ပြအပ်ပါသည်-




ပြည်တွင်းရှိ ပြင်ပဒေါ်လာ ငွေကြေးဈေးကွက်ကို လေ့လာရာတွင် အောက်တိုဘာ ၉ ရက်တွင် တစ်ဒေါ်လာလျှင် ၁၃၀၅ ကျပ်၊ အောက်တိုဘာလ ၁၂ ရက်တွင် တစ်ဒေါ်လာလျှင် ၁၃၀၀ ကျပ်၊ အောက်တိုဘာ ၁၃ ရက်တွင် တစ်ဒေါ်လာလျှင် ၁၃၂၅ ကျပ်၊ အောက်တိုဘာ ၁၄ ရက်တွင် တစ်ဒေါ်လာလျှင် ၁၃၄၅ ကျပ်နှင့် အောက်တိုဘာ ၁၅ ရက်တွင် တစ်ဒေါ်လာလျှင် ၁၃၃၀ ကျပ် အသီးသီး ပေါက်ဈေးများ ဖြစ်ပေါ်ခဲ့ကြောင်း လေ့လာသိရှိရပါသည်။